AMNESTY INTERNATIONAL

**သတင်းထုတ်ပြန်ချက်**

*တွေ့ဆုံမေးမြန်းရန် ပြောရေးဆိုခွင့်ရှိသူများ ရှိပါသည်။*

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်။

## မြန်မာနိုင်ငံ - ကျန်းမာရေးအတွက် အရေးကြီးသည့် ဘေးအန္တရာယ်များ ရှိသော်လည်း ဆာလဖျူရစ်အက်ဆစ်စက်ရုံ လည်ပတ်နေ

ရွာနစ်ရွာအနီးတွင် အလွန်နီးကပ်၍ အန္တရာယ်ရှိစွာ တည်ဆောက်ထားသည့် ဆာလဖျူရစ်အက်ဆစ်စက်ရုံကို ပြန်လည်ရွှေ့ပြောင်း နေရာချထားရန် မြန်မာအစိုးရသည် အမြန် ချက်ချင်း ထုတ်ပြန်သင့်ကြောင်း၊ ထိုစက်ရုံတွင် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများအပေါ် အရေးကြီးသော စိုးရိမ်မှုများလည်း ရှိသော်ငြားလည်း ဆက်လက်၍ လည်ပတ်နေကြောင်း Amnesty International (အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့)မှ ယနေ့ ထုတ်ပြန်ကြေညာသည်။

Amnesty Internationalအဖွဲ့မှ မြန်မာနိုင်ငံသို့ မကြာသေးခင်က သုတေသနခရီးတစ်ခု သွားခဲ့စဉ် ကံကုန်းကျေးရွာနေ ရွာသူရွာသားများသည် စက်ရုံမှ ထွက်လာသည့် အနံ့အလွန်ပြင်းသည့် အငွေ့များကြောင့် အသက်ရှူလမ်းကြောင်း၊ အရေပြားနှင့် မျက်လုံးရောဂါများ ခံစားနေရကြောင်း ပြောခဲ့ပါသည်။

ထိုဓာတ်ငွေ့များကြောင့် ဒေသအတွင်း စိုက်ပျိုးသီးနှံများလည်း ထိခိုက်ပျက်စီးရကြောင်း ဒေသခံများမှ ပြောခဲ့ပါသည်။ ၂၀၁၃ခုနှစ်တွင် အစိုးရဌာနတစ်ခုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုမှ စစ်ဆေးခဲ့သည့် မြေနမူနာများအရ မြေကြီးထဲတွင် ဆာလဖိတ်ဓာတ်များ မြင့်မားစွာ ပါရှိနေကြောင်း တွေ့ခဲ့ရသည်။ အရေအတွက်အားဖြင့် နည်းသော်လည်း စမ်းသပ်စစ်ဆေးမှု ရလဒ်များသည် ထိုစက်ရုံနှင့် ယင်း၏သက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်စရာ အကြောင်း အရင်းတစ်ခု ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏အနောက်မြောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကံကုန်းကျေးရွာကို လွန်ခဲ့သောလက သွားရောက်ခဲ့သည့် Amnesty Internationalအဖွဲ့မှ စီးပွားရေးနှင့် လူ့အခွင့်အရေးသုတေသနပညာရှင် Mark Dummettမှ "မြန်မာအစိုးရအနေနဲ့ ချက်ချင်း ဝင်ရောက်ဖြေရှင်းပြီး ဆာလဖျူရစ်အက်ဆစ်စက်ရုံရဲ့ လုပ်ငန်းလည်ပတ်မှုကို ရပ်တန့်ဖို့ လိုပါတယ်။ ဒီစက်ရုံကို လူတစ်ဦးတစ်ယောက်ရဲ့ ကျန်းမာရေးကို မထိခိုက်မယ့် နေရာကို ပြန်လည်ရွှေ့ပြောင်းရမယ်" ဟု ဆိုသည်။

၂၀၀၇ခုနှစ်တွင် တည်ဆောက်ခဲ့သော မိုးကြိုးဆာလဖျူရစ်အက်ဆစ်စက်ရုံသည် ၂၀၁၃ခုနှစ်က ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းစစ်ဆေးရသည့် အကြောင်းကိစ္စတစ်ခု ဖြစ်ပါသည်။ စက်ရုံကို တည်ဆောက်ခဲ့သည့်ကုမ္ပဏီသည် ဒေသခံအာဏာပိုင်များ၏ ခွင့်ပြုချက် မယူဘဲ ဆောက်လုပ်ခဲ့ကြောင်း ကော်မတီမှ တွေ့ရှိခဲ့သည်။

မြန်မာစစ်တပ်မှ ပိုင်ဆိုင်သော မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် (UMEHL)သည် ၂၀၁၃ခုနှစ် ဇူလိုင်လတွင်မှ နောက်ဆက်တွဲအဖြစ် စက်ရုံလည်ပတ်ဖို့ ပါမစ်ကို ရယူခဲ့သည်။

မြန်မာနိုင်ငံတွင် ခွင့်ပြုချက်မရဘဲ စက်ရုံတစ်ရုံ လုပ်ငန်းလည်ပတ်ခြင်းသည် ရာဇဝတ်မှုမြောက်သော်လည်း အစိုးရသည် ဤအကြောင်းချင်းရာကို စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့ပြီး စက်ရုံကို ၂၀၀၇ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ တရားမဝင် လည်ပတ်ခဲ့သည့်အတွက် ပိုင်ရှင်များဖြစ်သည့် မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်ကိုလည်း မည်သည့် အပြစ်ဒဏ်မှ မချမှတ်ခဲ့ပေ။

ပြီးခဲ့သည့်လက အသစ်ရွေးကောက် တင်မြှောက်ထားသည့် မြို့စည်ပင်သာယာရေးအာဏာပိုင်များမှ စက်ရုံကြောင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများ ဆန်းစစ်ချက်များ မပြီးသေးမချင်း စက်ရုံ နှစ်စဉ် လုပ်ငန်းလည်ပတ်ခွင့် လိုင်စင်ကို သက်တမ်းမတိုးပေးရန် ဆုံးဖြတ်ခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များမှ ပြောကြားခဲ့သည်။ ဒေသခံများ၏အဆိုအရ စက်ရုံသည် တစ်လကျော်ရပ်နေခဲ့သော်လည်း ၎င်း၏လည်ပတ်ခွင့်လိုင်စင်ကို ပြန်လည်သက်တမ်းတိုးခြင်းမရှိဘဲ ယခုအချိန်တွင် ဆက်လက်၍ လုပ်ငန်း ပြန်လည် စတင်လည်ပတ်နေပါသည်။ မြို့နယ်စည်ပင်သာယာရေး အာဏာပိုင်များမှ လိုင်စင်မရထားသော်လည်း ဗဟိုအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုမှ စက်ရုံကို ဆက်လက် လည်ပတ်ရန် ခွင့်ပြုနေသေးသည်ဟု ဒေသန္တရ အရာရှိတစ်ဦးမှ ဆိုပါသည်။

"ဒေသန္တရအာဏာပိုင်တွေရဲ့ စိုးရိမ်မှုတွေကို ဦးပိုင်(UMEHL)က လျစ်လျူမရှုသင့်သလို တကယ်ထိခိုက်ခံစားနေရတဲ့ ဒေသခံတွေရဲ့ အရေးကြီးတဲ့ မကျေနပ်ချက်၊ တိုင်ကြားချက်တွေကိုလည်း နားထောင် ရမယ်။ ဗဟိုအစိုးရအနေနဲ့ ဒီစက်ရုံ လုပ်ငန်းလည်ပတ်နေတာကို ရပ်ပစ်ဖို့နဲ့ ဘေးကင်းစိတ်ချမယ့် နေရာကို ပြောင်းရွှေ့ခိုင်းဖို့ အခု လိုနေပြီ" ဟု Mark Dummett က ပြောပါသည်။

ရွာသူရွာသားများမှနေ၍ ဇွန်လ၁၅ရက်နေ့တွင် စက်ရုံလုပ်ငန်းများကို ပြန်လည် စတင် လည်ပတ်ကြောင်း၊ လေထုသည် အလွန်ညစ်ညမ်းလာသဖြင့် စက်ရုံနှင့် မီတာ ၅၀မျှသာ ဝေးသည့် ကျောင်းသို့ပင် ကျောင်းသားအများစုသည် ကျောင်းမတက်တော့ကြောင်း ပြောပါသည်။

Amnesty Internationalအဖွဲ့သည် ထိုအခြေအနေကို နီးကပ်စွာ စောင့်ကြည့်လေ့လာနေပြီး ဒေသခံပြည်သူများ၏ကာလရှည်ကြာ တိုင်ကြားချက်များကိုလည်း မှတ်တမ်းတင်ထားပါသည်။

Amnesty Internationalအဖွဲ့အား "အက်ဆစ်တွေ အမြဲတမ်း အနံ့ရှုနေရတာ အရမ်းဆိုးပါတယ်။ ကျွန်တော်တို့ စက်ရုံကို ရပ်တန့်ဖို့ ပြောပေမယ့် သူတို့က မဖြစ်နိုင်ဘူးလို့ ပြောတယ်" ဟု ရွာသားတစ်ဦးမှ ၂၀၁၄ခုနှစ် ပြောခဲ့သည်။

ထိုလေ့လာရေးခရီးမှာပင် အခြားရွာသား တစ်ဦးမှလည်း Amnesty Internationalအဖွဲ့အား "လူတွေ အဲဒီအချိန်တွေမှာဆို ရွာထဲမှာ လုံးဝ နေလို့မရဘူး။ ကျုပ်တို့မျက်လုံးတွေမှ မျက်ရည်ပူတွေ ကျလာပြီး ချောင်းဆိုးတယ်" ဟု ပြောခဲ့သည်။

နိုင်ငံတကာ အကောင်းဆုံးသော အလေ့အကျင့်များမှ လူနေထိုင်ရာဒေသများနှင့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများအကြားတွင် လူသားလုံခြုံရေးအတွက် ကြားခံနယ်မြေတစ်ခု ထားရှိရန် တိုက်တွန်းသည်။

စက်ရုံကို ပြောင်းရွှေ့နေရာချထားခြင်း မလုပ်ခင် အစိုးရသည် စက်ရုံလည်ပတ်လုပ်ကိုင်နေသူ ဦးပိုင်မှ လုံလောက်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှု သက်ရောက်မှု ဆန်းစစ်ချက်ကို ဒေသခံပြည်သူများနှင့်

တိုင်ပင်ဆွေးနွေးပြီး လုပ်ဆောင်ရန်နှင့် စက်ရုံမရွှေ့ပြောင်းခင်၊ ရွှေ့ပြောင်းနေစဉ်နှင့် ရွှေ့ပြောင်းပြီး နောက်ပိုင်းတွင်လည်း လုပ်ဆောင်ရမည့် အန္တရာယ်ကင်းရှင်းရေး နည်းလမ်းများကို အများရှေ့ချပြရန် လိုအပ်ကြောင်း Amnesty Internationalအဖွဲ့မှ ပြောပါသည်။

"စက်ရုံကြောင့်ဖြစ်လာတဲ့ အနုတ်သဘောသက်ရောက်မှု အားလုံးကို သေသေချာချာဆန်းစစ်ပြီး ရှင်းလင်းဖော်ပြပြီး ပြန်လည်ဖြေရှင်းပေးဖို့ မြန်မာအစိုးရအနေနဲ့ လုပ်သင့်တယ်" ဟု Mark Dummettမှ ပြောပါသည်။ "ဦးပိုင်က ၂၀၀၇ခုနှစ်ကနေ ၂၀၁၃ခုနှစ်အထိကို မြန်မာနိုင်ငံစက်ရုံများဥပဒေကို ချိုးဖောက်မှု ဖြစ်နိုင်ချေကို မြန်မာအစိုးရအနေနဲ့ စုံစမ်းစစ်ဆေးဖော်ထုတ်ရပါမယ်။"

**နောက်ခံအကြောင်းအရာ**

မိုးကြိုးဆာလဖျူရစ်အက်ဆစ်စက်ရုံသည် လက်ပံတောင်းတောင်၊ စံပယ်တောင်နှင့် ကြေးစင်တောင်(S&K) ဟူသော ကြေးနီတွင်းနှစ်တွင်းသို့ ဆာလဖျူရစ်အက်ဆစ်များ ပံ့ပိုးပေးနေသည်။ ဤသတ္တုတွင်းများသည် ဦးပိုင်နှင့် တရုတ်နိုင်ငံမှ ဝမ်ပေါင် သတ္တုတွင်းကုမ္ပဏီ၏ အစုစပ်လုပ်ငန်းများ ဖြစ်သည်။ အလွန်ကြီးမားသည့် လက်ပံတောင်းတောင်သတ္တုတွင်းကြီးသည် ၂၀၁၆ခုနှစ် မေလတွင် ပထမဆုံးအကြိမ်အဖြစ် ကြေးနီကို တရားဝင် စတင်ထုတ်လုပ်သည်။

Amnesty Internationalအဖွဲ့၏ ၂၀၁၅ခုနှစ် *အစီရင်ခံစာ "စီးပွားရေးလုပ်ငန်းလုပ်ရန် တံခါးဖွင့်ပြီလား၊ မြန်မာကြေးနီလုပ်ငန်းတွင် ကုမ္ပဏီ၏ရာဇဝတ်မှုနှင့် အလွဲသုံးစားပြုမှုများ"* တွင် ဤသတ္တုတွင်းနှစ်ခုနှင့် ဆက်နွယ်နေသည့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများစွာကို အသေးစိတ်ဖော်ပြထားသည်။ အင်အားသုံး မတရား နှင်ထုတ်ခံရမှုများစွာကို သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရပြီး နောက်ထပ် ထောင်ပေါင်းများစွာလည်း ထိုသို့ အင်အားသုံး နှင်ထုတ်ခံရမည့်အန္တရာယ်တွင် ကျန်နေသေးသည်။

ဤအစီရင်ခံစာတွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများကို ရဲတပ်ဖွဲ့မှ မည်သို့ အင်အားအလွန်အကျွံ အသုံးပြု ဖြိုခွဲခဲ့ပုံကိုလည်း မှတ်တမ်းတင်ထားသည်။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ၂၂ရက်နေ့တွင် လက်ပံတောင်း သတ္တုတွင်းတိုးချဲ့မှုကို ဆန့်ကျင်ဆန္ဒပြနေသည့် ရွာသူ ဒေါ်ခင်ဝင်းအား ရဲမှနေ၍ ပစ်သတ်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် အလွန်အဆိပ်ပြင်းပြီး ပေါက်ကွဲစေတတ်သည့် အဖြူရောင်မီးစုန်းကို ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် ရဲတပ်ဖွဲ့မှ အသုံးပြုခဲ့သည့် လုပ်ဆောင်ချက်မှာ နှိပ်စက်ညှင်းပန်းမှုဟု ယူဆနိုင်ပြီး နှိပ်စက်ညှင်းပန်းမှုသည် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည်။

Amnesty Internationalအဖွဲ့သည် စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းတောင် သတ္တုတွင်းများ၏ လူနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်စိတ် ဖြစ်ပေါ်နေဆဲပင်။ ဝမ်ပေါင်၏ အပြီးသတ် သတ္တုတွင်းဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆန်းစစ်ချက်ကို ကျွမ်းကျင် ပညာရှင်တစ်ဦးမှ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်အရ ကြီးမားလှသည့် လိုအပ်ချက်များစွာ ဆက်ရှိနေကြောင်း ဖော်ပြထားသည်။ ဤခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်တွင် သတ္တုတွင်းဘေးတစ်လျှောက် တာတမံများ၊ ဘောင်များ တည်ဆောက်ခြင်းကြောင့် ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်း တာတမံ၊ ဘောင်များ အနီးအနားနှင့် ရေစုန်တွင် ရှိသော ဒေသများသို့ ရေကြီးမှုကို ပိုမိုဆိုးရွားနိုင်ကြောင်း စိုးရိမ်မှုများလည်း ထည့်သွင်းဖော်ပြထားသည်။

၂၀၁၆ခုနှစ်၊ ဇွန်လ၁၅ရက်နေ့တွင် Amnesty Internationalအဖွဲ့မှ မိမိတို့၏ စိုးရိမ်စိတ်များကို ပြောပြ၍ ကုမ္ပဏီအား မည်သည့်ဆန်းစစ်ချက်များကို ကောက်ယူခဲ့သည်ကို ကုမ္ပဏီသို့ စာဖြင့်

ရေးသားမေးမြန်းခဲ့သော်လည်း မည်သည့်အဖြေ တစ်စုံတစ်ရာမျှ မရရှိခဲ့ပါ။ အသစ်ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအနေဖြင့် ထိုစီမံကိန်းနှင့်စပ်လျဉ်းသော သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ချက်များကို ထိခိုက်နစ်နာသည့် ပြည်သူများနှင့် စစ်မှန်စွာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးအားဖြင့် ဖြေရှင်းပြီးသည့် အချိန်အထိ လက်ပံတောင်းတောင် သတ္တုတွင်း လုပ်ငန်းလည်ပတ်မှုများအားလုံးကို ခေတ္တရပ်နားစေရန် လုပ်ဆောင်သင့်ပါသည်။

အများပြည်သူ ဖတ်ရှုလေ့လာရန် စာတမ်း
****************************************

For more information, or to arrange an interview with an Amnesty International spokesperson, please call Amnesty International's press office in London, UK, on
ပို၍ သိရှိလိုပါက သို့တည်းမဟုတ် Amnesty Internationalအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူနှင့် တွေ့ဆုံမေးမြန်းလိုပါက ယူနိုက်တက်ကင်းဒမ်း၊ လန်ဒန်မြို့မှ Amnesty International အဖွဲ့၏ သတင်းနှင့်ပြန်ကြားရေးရုံးသို့ အောက်ပါအတိုင်း ဆက်သွယ်ပါရန်။

+44 20 7413 5566
email: press@amnesty.org
twitter: @amnestypress
International Secretariat, Amnesty International, 1 Easton St., London WC1X 0DW, UK